သင့်အပေါ် မိမိတို့၏ သံန္နိဋ္ဌာန်

## မိမိတို့၏ ရည်မှန်းချက်

အမ်မီလီ ဂရစ်ဖစ် နည်းပညာကောလိပ် (Emily Griffith Technical College) ၏ ရည်မှန်းချက်မှာ ဗဟုသုတ၊ ကျွမ်းကျင်မှုအရည်အသွေးများနှင့် တန်ဖိုးများကို ကျောင်းသားများထံ ပံ့ပိုးပေးရန်ဖြစ်ပြီး၊ ကျောင်းသားများအနေဖြင့် လုပ်ငန်းခွင်တွင် အောင်မြင်စွာယှဉ်ပြိုင်နိုင်စွမ်း ရှိစေရန်နှင့် မိမိဘာသာ ရပ်တည်ဖူလုံသည့် နိုင်ငံသားများဖြစ်လာစေရန်၊ ဘဝတစ်သက်တာ လေ့လာဆည်းပူးမှုဆက်လက်ပြုနိုင်စေရန် ဖြစ်ပါသည်။

## မိမိတို့၏ မျှော်မြင်ချက်

မိမိတို့၏ မျှော်မြင်ချက်မှာ ထိပ်တန်း၊ အရည်အသွေး အထူးမြင့်သည့် ကောလိပ်တစ်ခုအဖြစ် ဝန်ဆောင်မှုပေးနိုင်ရန် ဖြစ်ပြီး၊ လုပ်ငန်းခွင်အတွင်း ဘဝတက်လမ်းနှင့် နည်းပညာဆိုင်ရာ ပညာပေးမှုများ ပံ့ပိုးပေးနိုင်ရန် ဖြစ်သည်။

## မိမိတို့၏ တန်ဖိုးထားချက်များ

မိမိတို့က အကောင်းဆုံးကို ပံ့ပိုးပေးရန် သံန္နိဋ္ဌာန်းပြုထားပါသည်။ အရည်အသွေးမြင့်သည့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုအနေဖြင့် မိမိတို့က တစ်သီးပုဂ္ဂလကျောင်းသားများကို သူတို့၏တည်ရှိနေသည့် အနေအထားကို လက်ခံအသိအမှတ်ပြုကာ၊ အကောင်းဆုံးဖြစ်လာအောင် ပံ့ပိုးကူညီပေးပါသည်။ နည်းပညာအလျှင်အမြန်ပြောင်းလဲတိုးတက်နေသည်နှင့်အညီ မိမိတို့က အမီလိုက်၍ အပြောင်းအလဲနှင့် တီထွင်ဆန်းသစ်မှုများကို အသိအမှတ်ပြုချီးကျူးနေသည့် ကာလတွင် မိမိတို့က တီထွင်ဖန်တီးမှုတွင် ခေါင်းဆောင်နေရာ ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါသည်။ တတ်စွမ်းသမျှ အကောင်းဆုံးသော ပညာရေးဝန်းကျင်တွင် အကောင်းဆုံးသော ပညာရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာစေရန် မိမိတို့က ကြိုးပမ်း၊ ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်နေပါသည်။

"...လေ့လာရန်ဆန္ဒရှိသူတိုင်းအတွက်"

# Student Code of Conduct

# ကျောင်းသားများ လိုက်နာရမည့် ကျင့်ထုံး

TECHNICAL COLLEGE

• Opportunities For All Who Wish To Learn •

**Emily Griffith Technical College**
1250 Welton Street
Denver, CO 80204
720-423-4700
EmilyGriffith.edu

# ကျောင်းသားများ လိုက်နာရမည့် ကျင့်ထုံး

အမ်မီလီ ဂရစ်ဖစ် နည်းပညာကောလိပ် (Emily Griffith Technical College) အနေဖြင့်၊ လုံခြုံသော၊ လေ့လာမှုကို ပံ့ပိုးပေးသော၊ မလိုလားအပ်သည့် အနှောင့်အယှက်များကင်းသည့် ဝန်းကျင်အဖြစ် ဖန်တီးလိုပါသည်။ ကျောင်းသားများနှင့် ကျောင်းဝန်ထမ်းများ၏ သာယာဝပြောမှု၊ သို့မဟုတ် လုံခြုံရေးကို ထိ ခိုက်စေနိုင်သည့် အမူအကျင့်များ၊ သို့မဟုတ် အခြားကျောင်းသားများအတွက် ကျောင်းမှ ပံ့ပိုးပေးမည့်ပညာရေး အခွင့်အလမ်းများကို အနှောင့်အယှက်ဖြစ်စေသည့် အမူအကျင့်များကို မလျော်ကန်သော လုပ်ရပ်များဟု သတ်မှတ်မည် ဖြစ်ပါသည်။

ကျောင်းသားများလိုက်နာရမည့် ကျင့်ထုံးများကို ချိုးဖောက်သူများကို စာပို့ချသူ ဆရာ၊ သို့မဟုတ် ကြီးကြပ်အုပ်ချုပ်သူက သင့်တော်သည်ဟု ယူဆသည့် ကာလတိုင် စည်းကမ်းပြစ်ဒဏ်ချမှတ်မှုအနေဖြင့် ဖယ်ရှားထားမည် ဖြစ်သည်။

အောက်ဖော်ပြပါကိစ္စများကို ကျူးလွန်ချိုးဖောက်ပါက၊ ကျောင်းမှ ဖယ်ရှားခြင်း၊ ခံဝန်ကတိဖြင့် ပြန်လက်ခံခြင်း၊ ချက်ချင်းထုတ်ပယ်ပစ်ခြင်း တို့ အပါအဝင် စည်းကမ်းအရပြစ်ဒဏ်ချမှတ်ခံရနိုင်ပါသည်။

ဝန်ထမ်းများ၊ ကျောင်းသားများ၊ သာမာန်ပြည်သူများ၊ ကျောင်းပိုင်ပစ္စည်းများ၊ သို့မဟုတ် ကျောင်းမှ စီမံနေသည့် အဆောင်၊ ပစ္စည်းများအပေါ်တွင် အကြမ်းဖက်သည့် အမူအကျင့်များ၊ အကြမ်းဖက်သည့် အမူအကျင့်များ ဆောင်ရွက်မည်ဟု ခြိမ်းခြောက်ခြင်းများကို လုံးဝသည်းညည်းခံမည် မဟုတ်ပါ။

အမ်မီလီ ဂရစ်ဖစ် နည်းပညာကောလိပ်က အသုံးပြုနေသည့် အဆောင်များအားလုံးတွင် မည်သူမျှ ၎င်းတို့၏ ကိုယ်ပိုင်လက်နက်၊ ခဲယမ်း၊ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ သို့မဟုတ် ကိုလိုရာဒိုပြည်နယ်ဥပဒေတွင် ဖော်ပြထားသည့် တရားမဝင်လက်နက်များကို ထားရှိကိုင်ဆောင်ခွင့် မရှိ။

တိုက်ခိုက်ရန်ပြုခြင်း၊ ကိုယ်ခန္ဓာနာကျဉ်စေမည်ဟု ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် လိင်မှုဆိုင်ရာ ကျူးကျော်စော်ကားခြင်း။

နှုတ်ဖြင့် ဆဲရေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် စာပို့ချသူဆရာများ၊ ဝန်ထမ်းများကို စော်ကားခြင်း၊

အာဏာပိုင်များကို ဆန္ဒဖြင့် ဆန့်ကျင်ခြင်း။

အရက်၊ သို့မဟုတ် ကိုလိုရာဒိုပြည်နယ်၏ ပြန်လည်ရေးဆွဲပြင်ဆင်ထားသည့် ဥပဒေ ပုဒ်မ section 12-22-303 အရ တရားမဝင်ဆေးဝါး၊ သို့မဟုတ် ထိန်းချုပ်ထားသည့် မူးယစ်ဆေးများကို ဖြန့်ဖြူးခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်း၊ သို့ မဟုတ် မူးယစ်နေခြင်း။

ဂိုဏ်းဖွဲ့ဆောင်ရွက်သည့် အပြုအမူများ၊ ဥပမာအားဖြင့်- ဂိုဏ်းများနှင့်ပတ်သက်သည့် အမူအကျင့်များဖြစ်သည့် အရောင်များ၊ လက်သင်္ကေတများ၊ ပုံများ (graffiti)၊ အသွင်အပြင်၊ လက်ဝတ်ရတနာ၊ မှတ်စုများ၊ အထိမ်းအမှတ်၊ သို့မဟုတ် ဂိုဏ်းများနှင့် ပတ်သက်သည်ဟု ယူဆနိုင်သည့် အမူအကျင့်များကို သုံးစွဲဆောင်ရွက်ခြင်း။

ကျောင်းအဆောင်၊ ကျောင်းပိုင်ပစ္စည်းများ၊ သို့မဟုတ် အခြားသူများ၏ အိုးအိမ်များကို ဖျက်ဆီးခြင်း၊ ရုပ်ပျက်ယွင်းစေခြင်း၊ သို့မဟုတ် ခိုးယူခြင်း။

မရိုးမသားပြုခြင်း၊ လိမ်လည်ခြင်း၊ စာခိုးယူခြင်း၊ သိလျက်နှင့် မမှန်သတင်းကို ဖော်ပြခြင်း။

ကျောင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ မှတ်တမ်းများ၊ အထိမ်းအမှတ် ပစ္စည်းများ၊ ပညာရေးဆိုင်ရာပစ္စည်းများနှင့် အင်တာနက်အသုံးပြုမှုတို့တွင် အတုပြုလုပ်ခြင်း သို့မဟုတ် ပြောင်းလဲဖော်ပြခြင်း၊ အလွဲသုံးခြင်း။

ညစ်ညမ်းသော၊ ရိုင်းစိုင်းသောစကားများ သုံးခြင်း။

ကျောင်းတွင်၊ သို့မဟုတ် ကျောင်းပုရဝုဏ်အတွင်း လောင်းကစားခြင်း၊ နည်းတစ်မျိုးမျိုးဖြင့် ငွေကြေးဖြင့် အလောင်းအစားပြုခြင်း။

ကျောင်းအဆောက်အအုံများ၊ သို့မဟုတ် ပစ္စည်းကရိယာများကို ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊ သုံးစွဲခြင်း။

ခွင့်ပြုချက်မရှိဘဲ ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်း၊ သို့မဟုတ် ကျောင်းသင်ပုန်းများတွင်၊ ကျောင်းနံရံများတွင် ခွင့်ပြုချက်မရှိဘဲ ကြော်ညာများကပ်ခြင်း၊

အမ်မီလီ ဂရစ်ဖစ် နည်းပညာကောလိပ်ရှိ အဆောင်များ၊ ဈေးဆိုင်များ၊ သို့မဟုတ် ကျောင်းပုရဝုဏ်အတွင်း၌ ဆေးလိပ်သောက်ခြင်း။

နည်းပြဆရာ၏ ခွင့်ပြုချက်မရှိဘဲ စာသင်ခန်းအတွင်း အစားအသောက် ယူဆောင်လာခြင်း၊ သို့မဟုတ် စားသုံးခြင်း။

အဆောင်များတွင် ဘီး ၂ ဘီးပါယာဉ်ကို ရပ်နားခြင်း။

ကျောင်းသားများ စာသင်ခန်းသို့၊ သို့မဟုတ် ကျောင်းပုရဝုဏ်မြေပေါ်သို့၊ အဆောင်များတွင်းသို့ ကလေးများ ခေါ်လာခြင်း၊ ကလေးများကို စောင့်ရှောက် ကြီးကြပ် သူမရှိဘဲ ထားခဲ့ခြင်း၊

အဆောင်များအတွင်း တိရိစ္ဆာန်များ၊ သို့မဟုတ် မည်သည့်အိမ်မွေး တိရိစ္ဆာန်မျိုးကို မဆို ထားရှိခြင်း။ (ချွင်းချက်။ မျက်မမြင်၊ နားမကြားသူများအတွက် အကူအညီပေးမည့် ခွေးများမပါဝင်ပါ။)

အဆောင်များတွင် မိတ်ဆွေများကို လက်ခံတွေ့ဆုံခြင်း။ ကျောင်းသားအဖြစ် တက်ရောက်ရန် လာရောက်အကြံဉာဏ် ရယူသူများအတွက် ယာယီလာရောက်ပါက၊ ကျောင်းစာသင်ခန်းများကို လာရောက်လေ့လာပါက ဧည့်သည်လက်မှတ် ထုတ်ပေးပါသည်။

စာသင်ချိန်အတွင်း နားကျပ်ဖုန်း၊ ဆဲလ်ဖုန်း၊ စာပို့ကရိယာ (pager) နှင့် အလားတူ အီလက်ထရွန်နစ်ပစ္စည်းများကို အသုံးပြုခြင်း။

(ဘောင်းဘီတိုများ၊ ဆင်ယင်ချယ်သမှုများ၊ ကိုယ်ခန္ဓာကို ဖော်ပြရာရောက်သည့် ဝတ်စားဆင်ယင်မှုများ အပါအဝင်) ပညာရေးလုပ်ငန်းစဉ်ကို အနှောင့်အယှက်ဖြစ်စေမည်ဟု ယူဆသည့် မည်သည့် ဝတ်စားဆင်ယင်မှုပုံစံကိုမဆို ဝတ်ဆင်ခြင်း။

ဒင်းဗားအစိုးရကျောင်းများ၏ ကျောင်းသားများလိုက်နာရမည့် ကျင့်ထုံးပါ အခြားမူဝါဒများ၊ စည်းကမ်းသတ်မှတ်ထားသည့် မူဝါဒများ၊ သို့မဟုတ် အခြားဆီလျော်သော မူဝါဒများကို ကျောင်းစာသင်ခန်းများအတွင်း၊ အစီအစဉ်များအတွင်း ချမှတ်ကျင့်သုံးသွားမည် ဖြစ်ပါသည်။

*ကျောင်းသားအားလုံးအတွက် အကောင်းဆုံးလေ့လာမှုဝန်းကျင်ဖြစ်ပေါ်နိုင်စေရန် ယခုမူဝါဒများကို ရေးဆွဲပြဌာန်း ခြင်း ဖြစ်ပါသည်။*

ဩဂုတ်လ ၁၃ ရက်။